# စားသောက်ကုန် ဝယ်ယူခြင်းသည် လွယ်ကူမြန်ဆန်နိုင်သည်။

SNAP
Putting Healthy Food Within Reach
ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို လွယ်လင့်တကူရယူနိုင်စေသည်

USDA
Supplemental Nutrition Assistance Program
အာဟာရဖြည့်စွက်မှု ကူညီထောက်ပံ့ရေးအစီအစဉ်

## သင့်အနေနှင့် ရရှိနိုင်ခွင့်ရှိသလား။

သင့်ဝင်ငွေသည် လစဉ်သတ်မှတ်နှုန်းအောက်တွင် ရှိနေပြီး (*ဘဏ်စာရင်း၊ စသည့်*) ပိုင်ဆိုင်မှုတွင် $5,000 သို့မဟုတ် ၎င်းအောက်ရှိနေပါက၊ အကူအညီရရှိနိုင်ခြေရှိသည်။

2-1-1 သို့ဖုန်းဆက်ခြင်း သို့မဟုတ် **https://fssabenefits.in.gov/** အွန်လိုင်းမှတဆင့် အကူအညီရရှိနိုင်မှု ရှိမရှိ စစ်ကြည့်ပါ။

| အိမ်ထောင်စု လူဦးရေ | **အခွန်နှုတ်မထားမီ** လစဉ်ဝင်ငွေ* | လစဉ်အများဆုံးအ ကျိုးခံစားခွင့်* |
|---|---|---|
| 1 | $1,396 | $250 |
| 2 | $1,888 | $459 |
| 3 | $2,379 | $658 |
| 4 | $2,871 | $835 |
| 5 | $3,363 | $992 |

*ဝင်ငွေအဆင့်ကို 9/30/22 အထိသက်တမ်းအကျုံးဝင်သည်

*လစဉ်အများဆုံးအကျိုးခံစားခွင့်ကို 9/30/22 အထိသက်တမ်းအကျုံးဝင်သည်

**အင်ဒီယားနားပြည်နယ်ရှိ အကူအညီရရှိသူများ အနေနှင့် အများပြည်သူကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းမှတဆင့် သက်တမ်းတိုးထားသော အများဆုံးထောက်ပံ့ကြေးသတ်မှတ်နှုန်းကို လက်ခံရရှိပါလိမ့်မည်။*

## မည်သို့လျှောက်လွှာတင်ရသနည်း။

အွန်လိုင်း၊ စာတိုက်၊ ဖက်စ်၊ သို့မဟုတ် သင့်ကောင်တီ DFR ရုံးသို့ လူကိုယ်တိုင် သွားရောက်ခြင်းဖြင့် လျှောက်လွှာတင်နိုင်သည်။ အွန်လိုင်းမှဆင့် လျှောက်လွှာတင်ရန်၊ လျှောက်လွှာစာရွက်ထုတ်ရန်၊ သို့မဟုတ် သင့်ကောင်တီရုံးကို ရှာဖွေရန်အတွက် **https://www.in.gov/fssa/dfr/2999.htm** တွင်ဖတ်ရှုနိုင်သည်၊ သို့မဟုတ် လျှောက်လွှာကို စာတိုက်မှတဆင့် သင့်ထံသို့ ပို့ပေးစေရန်အတွက် (800) 403-0864 သို့ဖုန်းဆက်ပါ။ လျှောက်လွှာတင်ပြီးသောအခါ တွေ့ဆုံမေးမြန်းရန်အတွက် သင့်ကို ဆက်သွယ်လာပါလိမ့်မည်။ FSSA ထံမှ စာများကို သေချာစွာ ဖွင့်ကြည့်ပြီး **တောင်းဆိုလာမည့် အချက်အလက်များရှိခဲ့လျှင်** လျှောက်လွှာတင်ခြင်းအစီအစဉ် ပြည့်စုံစေရန်အတွက် **ပြန်ပို့ပေးပါ**။

## မည်သည့်စာရွက်စာတမ်းများ လိုအပ်သနည်း။

တယ်လီဖုန်းမှတဆင့် အင်တာဗျူးမေးမြန်းသည့်အချိန်တွင် သင်အကူအညီရရှိသင့်သော အကြောင်းအရာနှင့် ပတ်သက်ပြီး မေးမြန်းပါလိမ့်မည်။ အကူအညီရရှိသင့်မှုကို စစ်ဆေးအတည်ပြုရန်အတွက် အင်တာဗျူးပြီးနောက် 13 ရက်အတွင်း စာရွက်စာတမ်းများကို တင်ပြရမည်။ သင့်အိုင်ဒီ၊ လျှောက်လွှာတွင် ပါဝင်သူတိုင်း၏ ဆိုရှယ်နံပါတ်များ၊ အိမ်လခ နှင့် ရေခ မီးခ ကဲ့သို့သော ကုန်ကျစရိတ် အထောက်အထားများ၊ နှင့် ဝင်ငွေအထောက်အထားများဖြစ်သော လခ စာရင်းရှင်းတမ်း စာရွက်များ၊ အလုပ်လက်မဲ့အတွက် အကျိုးခံစားခွင့်များ၊ နှင့် ကလေးထောက်ပံ့ကြေး၊ စသည့် အထောက်အထားများကို ပေးအပ်ရန် လိုအပ်ပါလိမ့်မည်။ စာရွက်စာတမ်းမိတ္တူများကို FSSA ထံသို့ စာတိုက်မှတဆင့်ပို့ပေးနိုင်သည် သို့မဟုတ် ဖက်စ်ပို့နိုင်သည်။ သင့်လျှောက်လွှာကို အပြီးတင်ပြီးနောက် 30 ရက်အတွင်း အကူအညီရမရ၊ မည်သည့် အကျိုးခံစားခွင့်များကိုရရှိနိုင်သည်ကို သိရှိရပါလိမ့်မည်၊ သို့မဟုတ် အကူအညီမရနိုင်ပါက အကြောင်းပြချက် ပေးပါလိမ့်မည်။

## SNAP အစီအစဉ်သည် သင့် ငွေအဝင်အထွက်လျှာထားချက်အတွက် အထောက်အကူဖြစ်စေသည်။

အကူအညီရရှိသင့်သောသူတဦးအတွက် အနည်းဆုံးအကျိုးခံစားခွင့်သည် တလလျှင် $20 ရှိသည်။
SNAP အကျိုးခံစားခွင့်များသည် သင့်မိသားစု၏ အစားအသောက်အတွက် ကုန်ကျစရိတ်တွင် အထောက်အကူဖြစ်နိုင်ပြီး သင့်ဒေသခံ စီးပွားရေးအတွက် အထောက်အကူဖြစ်နိုင်သည်။ *အဘယ်ကြောင့်စောင့်နေသနည်း။ ယနေ့တွင်လျှောက်လွှာတင်ပါ။*

အင်ဒီယားနားရှိအစားအစာပြတ် သူများကို ကျွေးမွေးသည်
FEEDING INDIANA'S HUNGRY

ဤလုပ်ငန်းစီမံချက်ကို အမေရိကန်စိုက်ပျိုးမွေးမြူရေးဦးစီးဌာန ထံမှ အနည်းဆုံးအဆင့် ဖက်ဒရယ်အစိုးရထောက်ပံ့ကြေး အစိတ်အပိုင်းအချို့ဖြင့် ထောက်ပံ့ထားသည်။ ဤ ပုံနှိပ်ထုတ်ဝေသောစာများ၏ အကြောင်းအရာများသည် အမေရိကန်စိုက်ပျိုးမွေးမြူရေးဦးစီးဌာန၏ မူဝါဒများ သို့မဟုတ် အမြင်သဘောထားများနှင့် ထပ်တူဖြစ်ချင်မှဖြစ်မည်။ ထို့အတူ ဖော်ပြပါ ကုန်သွယ်ရေးအမည်များ၊ ကုန်သွယ်မှုပစ္စည်းများ၊ သို့မဟုတ် အဖွဲ့အစည်းများကို အမေရိကန်အစိုးရမှ ထောက်ခံအားပေးကြောင်း သွယ်ဝိုက်၍ဖော်ပြခြင်းမဟုတ်ပါ။ USDA သည် တန်းတူညီမျှသော အခွင့်အရေးဖြင့် ဝန်ဆောင်မှုပေးသူ နှင့် အလုပ်ရှင်ဖြစ်ပါသည်။

အောက်တိုဘာလ 2021 ပြင်ဆင်မွမ်းမံသည်။